# ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့တို့၏ ပူးတွဲသတင်းထုတ်ပြန်ချက်

၂၀၁၄၊ မေလ (၂၃)ရက်

၁။ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီမှ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဦးအောင်မင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့မှ ဒုတိယအဖွဲ့ ခေါင်းဆောင်(၁) ပဒိုစောကွယ်ထူးဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲနိုင်ရေးအတွက် သဘောတူစာချုပ်မူကြမ်း (Single Text Draft) ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၄ခုနှစ်မေလ(၂၁)ရက်နေ့မှ(၂၃) ရက်နေ့ထိ ရန်ကုန်မြို့ ရွှေလီလမ်း မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်း ဗဟိုဌာန (MPC) ၌ ၃ ရက်ကြာ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

၂။ နှစ်ဘက်ကိုယ်စားလှယ်များသည် ၂၀၁၄ခုနှစ်၊ ဧပြီလ(၅)ရက်နေ့မှ (၈)ရက်နေ့အထိ ပြုလုပ်ခဲ့သည့် တွေ့ဆုံဆွေးနွေးပွဲတွင် ရရှိခဲ့သည့် ပထမမူကြမ်း (Single Text Draft)ပါ အခန်း(၇)ခန်းမှ ထပ်မံဆွေးနွေးညှိနှိုင်းရမည့် အချက်များကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြပြီးနောက် နှစ်ဘက်သဘောတူညီချက်များ ထပ်မံရရှိပြီး တိုးတက်မှုများ ရရှိခဲ့ပါသည်။

၃။ နောက်တစ်ကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၄ခုနှစ် ဇွန်လအတွင်း ရန်ကုန်မြို့ ရွှေလီလမ်း မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန(MPC)၌ ထပ်မံတွေ့ဆုံညှိနှိုင်း ကြရန် သဘောတူကြပါသည်။

၄။ နှစ်ဘက် ကိုယ်စားလှယ်များသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲနိုင်ရေးအတွက် သဘောတူစာချုပ် အမြန်ဆုံး ချုပ်ဆိုနိုင်ရန်နှင့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများ ဆက်လက် ဆောင်ရွက်နိုင်ရန် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း အသိပေး အပ်ပါသည်။